## ဓမ္မခန္ဓာ (၄၄) အခိုးအငွေ့ (အာလ် ဒိုခန်း)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆၄)၊ သုတ်ဒေသနာ (၅၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၄၀း၁ | **حم**۞<br>ဟာ မင်။☆ |
| ၂။ | **وَالْكِتَابِ الْمُبِينِ**۞<br>ရှင်းလင်းထင်ရှားသော ကျမ်းတော်အားဖြင့်– |
| ၃။ | **إِنَّا أَنزَلْنَاهُ فِي لَيْلَةٍ مُّبَارَكَةٍ إِنَّا كُنَّا مُنذِرِينَ**۞<br>၎င်းကို ငါသည် ကျက်သရေရှိသော ည၌ ချမှတ်ပေးတော်မူ၏၊[၈၅၆] ကေန်ပင် ငါသည် သတိပေးနေတော်မူ၏။ |
| ၄။ | **فِيهَا يُفْرَقُ كُلُّ أَمْرٍ حَكِيمٍ**۞<br>၎င်း၌ ဓမ္မသတ်ဆိုင်ရာ ညွှန်ကြားချက်ကိုယ်စီအား ခွဲခြမ်းစိတ်ဖြာဖွင့်ဆိုထား၏။ |
| ၅။ | **أَمْرًا مِّنْ عِندِنَا إِنَّا كُنَّا مُرْسِلِينَ**۞<br>ငါ၏ထံတော်မှ ညွှန်ကြားချက် ဖြစ်၏။ ကေန်ပင် ငါသည် ဥာဏ်စဉ်ဆောင်များစေစားနေတော်မူ၏။ |
| ၆။ | **رَحْمَةً مِّن رَّبِّكَ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ**۞<br>သင့်ကံကြမ္မာရှင်၏ ထံမှ ကရုဏာတော် ဖြစ်၏။ ကေန်ပင် အရှင်သည် ကြားနေသောအရှင်၊ သိနေသောအရှင် ဖြစ်၏။ |
| ၇။ | **رَبِّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا إِن كُنتُم مُّوقِنِينَ**۞<br>မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုကြား ရှိသမျှတို့၏ ကံကြမ္မာရှင် ဖြစ်၏။ သင်တို့ ဒိဌယုံကြည်မိပါလေစ။ |
| ၈။ | **لَا إِلَهَ إِلَّا هُوَ يُحْيِي وَيُمِيتُ رَبُّكُمْ وَرَبُّ آبَائِكُمُ الْأَوَّلِينَ**۞<br>နိစ္စ အနိစ္စကို ဖြစ်စေသော၊ သင်တို့၏ ကံကြမ္မာရှင်၊ သင်တို့၏ ဘဘိုး ရှေးဦးလူများ၏ ကံကြမ္မာရှင် ဖြစ်သော ထိုအရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ |
| ၉။ | **بَلْ هُمْ فِي شَكٍّ يَلْعَبُونَ**۞<br>အမှန်မှာ သူတို့သည်  ဒွိဟထဲ၌သာ ဟာသလုပ်နေကြ၏။ |

---

**(၈၅၆)** ဤသုတ်တော်၌ ကျမ်းမြတ်ကုရ်အာန်အား ကျက်သရေရှိသော ည တွင် ကိန်းဝပ်ချမှတ်ပေးသည်ဟု ဆိုပေသည်။ ထိုနေ့သည် စည်းချိန်သတ်မှတ်ထားသော (ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းသည့် ည) ဟု အနက်ကိုပေးသော **လိုင်းအ်လာတုဟ် ကဒရ်** ဖြစ်သည်ဟု ၉၇း၁ ၌ ဆိုထားပေသည်၊ အမှောင်ခေတ်မှသည် အလင်းသို့ဆောင်သော တရားအလင်းရောင်များ စတင် ကိန်းဝပ်ပေးသည့် အတွက် ထိုညကို အလွန်ကျက်သရေ ရှိသော ညဟု ဖွဲ့ဆိုခြင်း ဖြစ်ပေသည်။ ထိုညသည် လပေါင်း တစ်ထောင်ထက် ပို၍ မြင့်မြတ်သည်ဟု ဆိုထားခြင်းကို ၉၇း၁ တွင် ကြည့်ပါ။

| | |
|---|---|
| ၁၀။ | **فَارْتَقِبْ يَوْمَ تَأْتِي السَّمَاء بِدُخَانٍ مُّبِينٍ** ۞<br>မိုးကောင်းကင်အား ရှင်းလင်းထင်ရှားသော အခိုးထုဖြင့် ဆိုက်ရောက်လာမည့် နေ့ကာလကို စောင့်ကြည့်နေလော့။[၈၅၇] |
| ၁၁။ | **يَغْشَى النَّاسَ هَذَا عَذَابٌ أَلِيمٌ** ۞<br>၎င်းသည် လူသားတို့အား လွှမ်းခြုံလတ္တံ့။ ဤသည် စူးနစ်နာကျင်သော ဝဋ်ကြွေးပင် ဖြစ်၏။ |
| ၁၂။ | **رَبَّنَا اكْشِفْ عَنَّا الْعَذَابَ إِنَّا مُؤْمِنُونَ** ۞<br>"အို ကံကြမ္မာရှင်၊ တပည့်တော်တို့အား ဤဝဋ်ကြွေးမှ ဖယ်ရှားပေးပါ၊ တပည့်တော်တို့သည် ယုံကြည်သူများ ဖြစ်ပါ၏။"(ဟု ဆိုကြလတ္တံ့)။ |
| ၁၃။ | **أَنَّى لَهُمُ الذِّكْرَى وَقَدْ جَاءهُمْ رَسُولٌ مُّبِينٌ** ۞<br>သူတို့ မည်သို့ သတိရကြမည်နည်း၊ သူတို့ထံသို့ ဥဿဏ်စဉ်တော်ဆောင်သည် ရှင်းလင်းထင်ရှားစွာ ရောက်လာခဲ့ပြီ။ |
| ၁၄။ | **ثُمَّ تَوَلَّوْا عَنْهُ وَقَالُوا مُعَلَّمٌ مَّجْنُونٌ** ۞<br>တဖန် သူ့ထံမှ လှည့်ထွက်ခဲ့လျှက် "သင်တန်းဆင်း ဦးနှောက်ပြင် ခံထားရသူသာ[၈၅၈] ဖြစ်၏၊"ဟု ဆိုကြ၏။ |
| ၁၅။ | **إِنَّا كَاشِفُو الْعَذَابِ قَلِيلًا إِنَّكُمْ عَائِدُونَ** ۞<br>ငါအရှင်က ဝဋ်ကြွေးအား အနည်းငယ် ဖယ်ရှားပေးသည်နှင့် သင်တို့သည် ဆက်မိုက်နေမြဲသာ ဖြစ်၏။ |
| ၁၆။ | **يَوْمَ نَبْطِشُ الْبَطْشَةَ الْكُبْرَى إِنَّا مُنتَقِمُونَ** ۞<br>ကြီးမားသော ကိုင်တွယ်ခြင်းဖြင့် ကိုင်တွယ်သော နေ့ကာလ၌ သူတို့အား တန်ပြန်စေလတ္တံ့။ |
| ၁၇။ | **وَلَقَدْ فَتَنَّا قَبْلَهُمْ قَوْمَ فِرْعَوْنَ وَجَاءهُمْ رَسُولٌ كَرِيمٌ** ۞<br>သူတို့မတိုင်မီ ဖာရိုး၏ လူမျိုးအား ငါ စမ်းသပ်ခဲ့ပြီ။ သူတို့ထံသို့ ကျက်သရေရှိသော ဥဿဏ်စဉ်ဆောင်တစ်ပါး ရောက်ရှိလာ၍– |
| ၁၈။ | **أَنْ أَدُّوا إِلَيَّ عِبَادَ اللَّهِ إِنِّي لَكُمْ رَسُولٌ أَمِينٌ** ۞<br>ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်တို့၊ ကျွန်ုပ်ထံ၌ ပုံအပ်လော့၊ ကျွန်ုပ်သည် သင်တို့အတွက် ယုံကြည်စိတ်ချရသော ဥဿဏ်စဉ်တော်ဆောင် ဖြစ်၏။ |
| ၁၉။ | **وَأَنْ لَّا تَعْلُوا عَلَى اللَّهِ إِنِّي آتِيكُم بِسُلْطَانٍ مُّبِينٍ** ۞<br>သင်တို့သည် ပရမတ်ဘုရားရှင်ထက် အထွှင့်အထိပ်ဖြစ်သည် မဟုတ်၊ ကျွန်ုပ်အား သင်တို့ထံသို့ ရှင်းလင်းသော လုပ်ပိုင်ခွင့်ဖြင့် ပေးရောက်ပြီ။ |

(၈၅၇) မိုးကောင်းကင်သည် ထင်ထင်ရှားရှား အခိုးထုဖြင့် ရောက်လာမည် ဟူသည်မှာ မိုးခေါင်ရေးရှား ဖြစ်ခြင်း။ လေထုညစ်ညမ်းခြင်း၊ ကမ္ဘာကြီး ပူနွေးလာသောကြောင့် လေထုလောင်ကျွမ်းခြင်းများကို ဆိုလိုပေသည်။ ထိုအချင်းအရာတို့သည် ပရမတ်ဘုရားရှင်က လူသားတို့အား ချမှတ်ပေးထားသည့် လောကနိယာမအတိုင်း မလိုက်နာ မကျင့်ဆောင်သောကြောင့် ဖြစ်လာသော ရလဒ်များသာ ဖြစ်ကြောင်း ဆက်လက်ပါ သုတ်တော်များက ဖေါ်ပြနေပေသည်။

(၈၅၈) **သွန်သင်ခံထားရသော ဦးနှောက်ပျက်နေသူ** ဟု နက်ကိုပေးသည့် **مُعَلَّمٌ مَّجْنُونٌ မုအာလ္လာမွန် မာ့ဂျ်နူးနွန်** ဆိုသော စကားလုံးကို ဤဘာသာပြန်၌ **သင်တန်းဆင်း ဦးနှောက်ပြင် ခံထားရသူ**ဟု ပြန်ဆိုထားပါသည်။ ကိုယ်တော်မုဟမ္မဒ်အား တစ်စုံတစ်ယောက်က နောက်ကွယ်မှ **Brain wash & Well train** လုပ်ပြီး ဟောပြော စေခိုင်းထားသည်ဟု စွပ်စွဲကြခြင်းသည် မဟုတ်မှန်ကြောင်း ထောက်ပြ ပြောဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၂၀။ | وَإِنِّي عُذْتُ بِرَبِّي وَرَبِّكُمْ أَن تَرْجُمُونِ۝<br>သင်တို့က ကျွန်ုပ်အား ပစ်ထုတ်သော်လည်း၊ ကျွန်ုပ်၏ ကံကြမ္မာရှင် သင်တို့၏ ကံကြမ္မာရှင်၌ ကျွန်ုပ် ခိုလှုံ၏။ |
| ၂၁။ | وَإِنْ لَّمْ تُؤْمِنُوا لِي فَاعْتَزِلُونِ۝<br>အကယ်၍ သင်တို့က မယုံကြည်ခဲ့လျှင်၊ ကျွန်ုပ်အား ရှောင်ခွာသွားခွင့်ပြုပါ။ (ဟု ဆို၍) |
| ၂၂။ | فَدَعَا رَبَّهُ أَنَّ هَٰؤُلَاءِ قَوْمٌ مُّجْرِمُونَ۝<br>ကံကြမ္မာရှင်ထံ၌ "ဤသူတို့သည် ရာဇဝတ်ကောင် လူမျိုးသာ ဖြစ်ပါ၏၊" အော်ကြွေး၏။ |
| ၂၃။<br>၂၀း၇၇<br>၂၆း၅၂ | فَأَسْرِ بِعِبَادِي لَيْلًا إِنَّكُم مُّتَّبَعُونَ۝<br>သို့ဖြင့် "ငါ့ အမှုတော်ဆောင်များဖြင့် ညဉ့်၌ ခရီးနှင်လော့၊ ကေန်ပင် သင်တို့အား နောက်မှ လိုက်ကြလိမ့်မည်၊– |
| ၂၄။<br>☆၂း၅၀ | وَاتْرُكْ الْبَحْرَ رَهْوًا إِنَّهُمْ جُندٌ مُّغْرَقُونَ۝<br>ပင်လယ်ဝအား ဆိတ်ငြိမ်စွာ ချန်ထားခဲ့လော့၊[၉၅၉] ၎င်းတို့ စစ်တပ်ကြီးအား နစ်မြုပ်စေလတ္တံ့။☆ |
| ၂၅။ | كَمْ تَرَكُوا مِن جَنَّاتٍ وَعُيُونٍ۝<br>သူတို့သည် မည်မျှသော ဥယျာဉ်များ၊ စိမ့်စမ်းများကို နောက်၌ ချန်ထားခဲ့ရသနည်း။ |
| ၂၆။ | وَزُرُوعٍ وَمَقَامٍ كَرِيمٍ۝<br>စိုက်ခင်းများ၊ ကျက်သရေရှိသော ဘုံဗိမာန်များ– |
| ၂၇။ | وَنَعْمَةٍ كَانُوا فِيهَا فَاكِهِينَ۝<br>သူတို့ ဂုဏ်ပေးလေ့ရှိသော သီးနှံများ–ပင်။ |
| ၂၈။ | كَذَٰلِكَ وَأَوْرَثْنَاهَا قَوْمًا آخَرِينَ۝<br>ဤသို့ပင်၊ ငါသည် အခြား လူမျိုးအား သူတို့၏ အမွေကို ဆက်ခံစေ၏။ |
| ၂၉။ | فَمَا بَكَتْ عَلَيْهِمُ السَّمَاءُ وَالْأَرْضُ وَمَا كَانُوا مُنظَرِينَ۝<br>မိုးနှင့် မြေသည် သူတို့အတွက် မျက်ရည်မကျ။ သူတို့အတွက် စောင့်ကြည့်နေခွင့်လည်း မရှိတော့ချေ။[၉၆၀] |
| ၃၀။ | وَلَقَدْ نَجَّيْنَا بَنِي إِسْرَائِيلَ مِنَ الْعَذَابِ الْمُهِينِ۝<br>ငါသည် အရှက်တကွဲ နိမ့်ကျသော ဝဋ်ကြွေးမှ ဣသရေလ်လူမျိုးတို့အား မုချ လွတ်မြောက်စေခဲ့သည်မှာ– |
| ၃၁။ | مِن فِرْعَوْنَ إِنَّهُ كَانَ عَالِيًا مِّنَ الْمُسْرِفِينَ۝<br>အလွဲသုံးစားပြုသူတို့၏ ထိပ်သီး ဖာရိုးမင်းထံမှ ဖြစ်၏။ |
| ၃၂။ | وَلَقَدِ اخْتَرْنَاهُمْ عَلَىٰ عِلْمٍ عَلَى الْعَالَمِينَ۝ |

(၉၅၉) ဤဝါကျသည် ကိုယ်တော်မူဆာတို့လူစုက ပင်လယ်ဝကို ဖြတ်သွားသည်၏ နောက်၌ လေမုန်တိုင်းကြီး တိုက်နေသည်ဟူသည့် ဒဏ္ဍာရီလာ– ဇာတ်လမ်းများကို ပယ်ဖျက်ပေသည်၊ ပင်လယ်ပြင်သည် ဆိတ်ငြိမ်နေသည်ဟုသာ ဤသုတ်တော်၌ အတိအကျ ဆိုထားပေသည်။

(၉၆၀) ဖာရိုးစစ်တပ်၏ သေကြေပျက်စီးခန်း၊ သူတို့ ဥစ္စာပစ္စည်းများ ဆုံးရှုံးခန်းကို သုတ်တော် ၂၅– ၂၈ တွင် ဖော်ပြထားပေသည်၊ ထိုသူတို့၏ သေကြေရခြင်း အတွက် မိုးနှင့် မြေသည် ငိုကြွေးခြင်း မရှိဟု တင်စား၍ ပြောဆိုထားပေသည်။ ထိုစကားလုံးသည် ထိုသူတို့၏ ယုတ်မာရက်စက်မှုအား ပုံပေါ်စေရန်– သူတို့အား မည်သူကမှ မေတ္တာမရှိတော့ကြောင်းကို ပုံပေါ်စေရန် တင်စားပြောဆိုသော စကားပင် ဖြစ်ပေသည်။ သူတို့၏ ရက်စက်မှုမှာ ကမ်းကုန်သွားပြီ ဖြစ်ကြောင်း သူတို့အတွက် စောင့်စားနေခွင့် မရှိတော့ချေဟူသော စကားလုံးဖြင့် ထပ်လောင်း ဖြည့်စွက်ထားပေသည်။

| | |
|---|---|
| | ငါသည် သူတို့အား အသိပညာရှိသော လောကခပ်သိမ်းအပေါ် မုချ ရွေးချယ်တော်မူပြီ။ |
| ၃၃။ | وَآتَيْنَاهُم مِّنَ الْآيَاتِ مَا فِيهِ بَلَاء مُّبِينٌ۞<br>သူတို့အား ငါ ပေးအပ်သည့် သုတ်ဒေသနာများ အနက်၊ ထိုဌ် ရှင်းလင်းထင်ရှားသော စုံစမ်းခြင်းမှုများ ရှိ၏။ |
| ၃၄။ | إِنَّ هَؤُلَاء لَيَقُولُونَ۞<br>ဤသူတို့က ဧကန်ဆတ်ဆတ် ပြောကြမည်မှာ– |
| ၃၅။ | إِنْ هِيَ إِلَّا مَوْتَتُنَا الْأُولَى وَمَا نَحْنُ بِمُنشَرِينَ۞<br>ပထမအကြိမ် သေခြင်းမှအပ အခြားမရှိ၊ ကျွန်ုပ်တို့ နိုးကြွရှင်ပြန်ရမည်လည်း မဟုတ်ချေ။ |
| ၃၆။ | فَأْتُوا بِآبَائِنَا إِن كُنتُمْ صَادِقِينَ۞<br>သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်လျှင် ကျွန်ုပ်တို့၏ ဘဘိုးများကို ပြန်ယူခဲ့လော့၊”ဟု ဖြစ်၏။ |
| ၃၇။ | أَهُمْ خَيْرٌ أَمْ قَوْمُ تُبَّعٍ وَالَّذِينَ مِن قَبْلِهِمْ أَهْلَكْنَاهُمْ إِنَّهُمْ كَانُوا مُجْرِمِينَ۞<br>သူတို့သည် တူဘာ[၉၆၁] လူမျိုးနှင့် သူတို့၏ရှေ့အလျှင် ဖြစ်သူများထက် ပို၍ကောင်းသလော၊ ထိုသူတို့သည် ရာဇဝတ်ကောင်များ ဖြစ်ခြင်းကြောင့် ငါသည် သူတို့အား တိမ်ကောစေခဲ့ပြီ။ |
| ၃၈။ | وَمَا خَلَقْنَا السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا لَاعِبِينَ۞<br>ငါသည် မိုးများနှင့် မြေကမ္ဘာ ၎င်းတို့နှစ်ခုကြား အရာများကို ဖြစ်ကတတ်ဆန်း ပေ့ါပျက်ပျက် ဖြစ်တည်စေခြင်း မဟုတ်ချေ။ |
| ၃၉။ | مَا خَلَقْنَاهُمَا إِلَّا بِالْحَقِّ وَلَكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۞<br>၎င်းတို့ကို မှန်ကန်ညီညွတ်ခြင်းဖြင့်သာ ငါ ဖြစ်တည်စေ၏၊ သို့သော် သူတို့မှ အများစုသည် သိကြသည် မဟုတ်ချေ။ |
| ၄၀။ | إِنَّ يَوْمَ الْفَصْلِ مِيقَاتُهُمْ أَجْمَعِينَ۞<br>ဧကန်ပင် ရှင်းလင်းဆုံးဖြတ်မည့် နေ့ကာလသည် သူတို့ အားလုံးအတွက် ရက်ချိန်းဖြစ်၏။ |
| ၄၁။ | يَوْمَ لَا يُغْنِي مَوْلًى عَن مَّوْلًى شَيْئًا وَلَا هُمْ يُنصَرُونَ۞<br>မဟာမိတ် တစ်ဦးက မဟာမိတ် တစ်ဦးကို တစ်စုံတစ်ရာ မပြည့်စုံစေနိုင်သော၊ သူတို့အတွက် အကူအညီ မရှိစေသော နေ့ကာလတွင်– |
| ၄၂။ | إِلَّا مَن رَّحِمَ اللَّهُ إِنَّهُ هُوَ الْعَزِيزُ الرَّحِيمُ۞<br>ပရမတ်ဘုရားရှင်မှ ကရုဏာသက် သူသည်သာ ကင်း၏။ အရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၄၃။<br>☆ ၃၇း၆၂ | إِنَّ شَجَرَةَ الزَّقُّومِ۞ |

(၉၆၁) **တူဘာ** မှာ လိုက်နာခြင်း၊ နောက်လိုက်ခံယူခြင်း စသည်တို့ အနက်ကိုပေးသော **တဘအ** မှ ဆင့်ပွားသော စကားလုံးဖြစ်၍ လက်အောက်ခံဘုရင်၊ သို့မဟုတ် ဘုရားရှင်အား ယုံကြည်လိုက်နာသူဟု အနက်ကို ပေးပေသည်။ ထို့ပြင် **တူဘာ** ဆိုသည်မှာ ယီမင်ဘုရင်တို့ခံယူသော ဘွဲ့ ဖြစ်၍ ထို ဘုရင်ဘွဲ့ခံတို့သည် **ဆဘာ၊ ဟိုက်ဒရာဘတ်**နှင့် **ဟင်မ်ယာ**တို့ကို အုပ်ချုပ်ခွင့်ရသည်ဟု အချို့သမိုင်း ဆရာများက ဆိုကြသည်၊ ထိုအမည်ကို ကျမ်းတော်တွင် ဤနေရာနှင့် ၅၀း၁၄ နှစ်နေရာတွင် ဖေါ်ပြထားသည်။ အချို့သော သမိုင်း ဆရာများကလည်း **တူဘာ** ဆိုသည်မှာ အခြားသူများ ယုံကြည်မှု ကင်းမဲ့ နေချိန်တွင် သူသည် ပရမတ်ဘုရားရှင်အား ယုံကြည်သော သူ (သတင်းတော်ဆောင်) ကို ခေါ်သည်ဟု ဆိုပေသည်။ မည်သို့ဆိုစေ ကျမ်းတော်တွင် ခေါင်းဆောင်နှင့် သူ၏ နောက်လိုက်များကို ဖေါ်ပြတိုင်း ခေတ်စဉ်ခေတ်တိုင်း၏ ခေါင်းဆောင်နှင့် နောက်လိုက်များ၏ သဘောသဘာဝ အတွက် ဥပမာပေး တင်ပြခြင်းများသာ ဖြစ်ပေသည်။

| | |
|---|---|
| | ကေန်ဆတ်ဆတ်၊ ပဒိုင်းပင်သည်–☆ |
| ၄၄။ | **طَعَامُ الْأَثِيمِ**<br>အပြစ်ကောင်တို့၏ အစာ ဖြစ်၍၊ |
| ၄၅။<br>အက်စ် | **كَالْمُهْلِ يَغْلِي فِي الْبُطُونِ**<br>ဝမ်းဗိုက်တွင်း၌ ကျွက်ကျွက်ဆူနေသော **ကြေးနီးရည်**ကဲ့သို့၊ |
| ၄၆။ | **كَغَلْيِ الْحَمِيمِ**<br>ကျွက်ကျွက်ဆူသော ရေနွေးပူကဲ့သို့ ဖြစ်၏။ |
| ၄၇။ | **خُذُوهُ فَاعْتِلُوهُ إِلَى سَوَاءِ الْجَحِيمِ**<br>ထိုသူအား ဖမ်းဆီးလော့။ ပုံစံချပြီး ငရဲမီးထဲသို့ ဆွဲချလော့– |
| ၄၈။ | **ثُمَّ صُبُّوا فَوْقَ رَأْسِهِ مِنْ عَذَابِ الْحَمِيمِ**<br>ထို့နောက် သူ့ ခေါင်းပေါ်မှ ဝဋ်ကြွေး ရေနွေးပူကို သွန်းလောင်းလော့– |
| ၄၉။ | **ذُقْ إِنَّكَ أَنتَ الْعَزِيزُ الْكَرِيمُ**<br>ယင်းကို မြည်းစမ်းလော့၊ သင်သည်ကား ဘုန်းကံ ကျက်သရေရှိခဲ့လေ၏– |
| ၅၀။ | **إِنَّ هَٰذَا مَا كُنتُم بِهِ تَمْتَرُونَ**<br>ဤသည်ကား သင်တို့ အချင်းများလေ့ရှိခဲ့ရာ ဖြစ်၏၊ |
| ၅၁။ | **إِنَّ الْمُتَّقِينَ فِي مَقَامٍ أَمِينٍ**<br>ကေန်ပင်၊ စည်းစောင့်သူတို့သည် ယုံကြည်စိတ်ချရသော ဘုံဌာနေ၌– |
| ၅၂။ | **فِي جَنَّاتٍ وَعُيُونٍ**<br>ဉယျာဉ်များ စိမ့်စမ်းရေသွင်များ၌ |
| ၅၃။ | **يَلْبَسُونَ مِن سُندُسٍ وَإِسْتَبْرَقٍ مُّتَقَابِلِينَ**<br>ထည်ဝါ ခန့်ညားသော ပိုးဖဲကတ္တီပါများကို ဆင်ယင်လျက်၊ အချင်းချင်း မျက်နှာချင်းဆိုင်လျက်– |
| ၅၄။ | **كَذَٰلِكَ وَزَوَّجْنَاهُم بِحُورٍ عِينٍ**<br>ဤသို့ပင်၊ ငါသည် သူတို့အား ဖြူစင်သော မျက်လုံးပိုင်ရှင်များဖြင့် စုဖွဲ့ပေးတော်မူလတ္တံ့။[၉၆၂] |

---

(၉၆၂) ကျမ်းတော်တွင် **ဟူရ် حُور** ဆိုသည့် ဝေါဟာရကို ဤနေရာ၊ ၅၂း၂၀။ ၅၅း၇၂။ ၅၆း၂၂ စုစုပေါင်း လေးကြိမ် ဖေါ်ပြထားပေသည်။ ထိုသုတ်တော်များတွင် ဖေါ်ပြသော စကားလုံး **ဟူရ်**အား နတ်ကညာများဟု ဘာသာပြန်ဆိုလျက်– အစ္စလာမ် သာသနာမှ သူတော်ကောင်းများ သေဆုံးလျှင် နိဗ္ဗာန် ဉယျာဉ်၌ နတ်ကညာများဖြင့် စံစားရမည်ဟု ရေးသားချက်များ ရှိပေသည်။ ထိုဘာသာပြန်တို့အား မစောကြောလိုပါ၊ သို့သော် ဤနေရာ၌ ဖြေရှင်းစရာ ရှိသည်မှာ အစ္စလာမ် သာသနာဝင်တို့ အတွက် နောင်ဘဝ၌ စံစားရာ သုခဘုံ ဆိုသည်မှာ ကာမပျော်ပါးရာ နေရာ ဖြစ်သည်ဟု ကျမ်းတော်၏ မည်သည့် နေရာတွင်မှ ဆိုမထားချေ။ **ဟူရ်** ဟူသည့် ဝေါဟာရသည်လည်း နတ်ကညာ (မလာအီကာဟ် အမ) ဖြစ်သည်ဟု မည်သို့မှ ဘာသာပြန်၍ မရချေ၊ မည်သည့် အဘိဓာန်၌ မဆို **ဟူရ်** ၏ အနက်မှာ **ဖြူစင်သန့်ရှင်းသူ** ဟုသာ ဖြစ်၍ လိင်ခွဲခြားထားခြင်း မရှိပေ။ ၎င်း၏ အများပြကိန်း **အာဟ်ဝါရ် احوار** မှာ အများပြ လိင်ဖို၊ **ဟုရာနီ حُوران** မှာ အများပြ လိင်မ ဖြစ်ပေသည်။ ထို့ပြင် ထိုသို့ ဘာသာပြန်သော ဆရာတော်ကြီးများက **ဇောင်ဝုဂျနားဟွန်မ် زَوَّجْنَاهُم** ဆိုသော စကားလုံးအား "ငါသည် သူတို့အား ပေးစားတော်မူမည်၊ လက်ထပ်ပေးတော်မူမည်၊" ဟုသာ ပြန်ဆိုကြသည်မှာ ဝမ်းနည်းစရာပင် ဖြစ်တော့သည်။ အကယ်၍ ထိုသို့ ဘာသာပြန်သည်ဟု ထားဘိဦး ထိုဝါကျမှ **သူတို့သည် هُم**

| | |
|---|---|
| ၅၅။ | **يَدْعُونَ فِيهَا بِكُلِّ فَاكِهَةٍ آمِنِينَ۞**<br>ထိုဌ် သစ်သီးမျိုးစုံနှင့် ယုံကြည်စိတ်ချရမှုကို ဆုတောင်းပြည့်စေ၏။ |
| ၅၆။<br>☆၄၀၁၂ | **لَا يَذُوقُونَ فِيهَا الْمَوْتَ إِلَّا الْمَوْتَةَ الْأُولَى وَوَقَاهُمْ عَذَابَ الْجَحِيمِ۞**<br>ပထမအကြိမ် သေဆုံးခဲ့ခြင်းမှ အပ၊ ထိုဌ် သူတို့သည် သေခြင်းတရားကို မြည်းစမ်းရမည် မဟုတ်ချေ။☆ ငရဲမီး ဝဋ်ကြွေးမှလည်း ကာကွယ်စောင့်ရှောက်ခံရပြီ။ |
| ၅၇။ | **فَضْلًا مِّن رَّبِّكَ ذَلِكَ هُوَ الْفَوْزُ الْعَظِيمُ۞**<br>ဤသည် ကံကြမ္မာရှင်၏ ထံမှ သိက္ခာပေးမှုပင်တည်း၊ ၎င်းမှာ မဟာ အောင်ပွဲပင် ဖြစ်၏။ |
| ၅၈။<br>ကုရ်အာန် | **فَإِنَّمَا يَسَّرْنَاهُ بِلِسَانِكَ لَعَلَّهُمْ يَتَذَكَّرُونَ۞**<br>သို့ဖြင့် ငါသည် **၎င်းကို** လွယ်ကူစေခြင်းငှာ သင်၏ ဘာသာစကားဖြင့် ဖြစ်စေပြီ၊ သူတို့အတွက် ဆင်ခြင်သတိ ရှိအံ့ငှာလည်း ဖြစ်၏။ |
| ၅၉။ | **فَارْتَقِبْ إِنَّهُم مُّرْتَقِبُونَ۞**<br>သို့ဖြစ်၍ စောင့်ကြည့်နေကြလော့၊ သူတို့သည်လည်း စောင့်ကြည့်နေကြကုန်၏။ |

---

(**ဟွမ်း**) ကို ယောကျ်ားများသာ ဖြစ်ရမည်ဟု သတ်မှတ်သော်မှ **ဟူရ်** များသည် မိန်းမများ ဖြစ်ရပေမည်။ ယခုဝါကျမှ သုခဥယျာဉ်ဘုံတွင် စံစားရမည့်သူများမှာ စည်းစောင့်သူ **မုတက္ကီးမ်** များ ဖြစ်သည်ဟု သုတ်တော် ၅၁ တွင် ဆိုထားပေသည်။ ထို စည်းစောင့်သူများမှာ ယောကျ်ားများသာ ဖြစ်ရမည်ဟု ကျမ်းတော်တွင် လုံးဝ ဆိုမထားချေ။ အမျိုးသား အမျိုးသမီး မဟူ စည်းစောင့်သော သူတို့သည် သုခဘုံတွင် စံမြန်းရမည်သာ ဖြစ်သည်။ ကျမ်းတော်တွင် အမျိုးသား အမျိုးသမီးမဟူ သုခဘုံ၌ စံမြန်းရမည်ဟု ၁၃း၂၃။ ၃၆း၅၆ နှင့် ၄၀း၈ တို့တွင် ဆိုထားပေသည်။ တနည်းအားဖြင့် ထိုသုတ်တော်များတွင် သူတော်ကောင်းတို့သည် သုခဘုံ၌ မိသားစုလိုက် စံစားရမည်ဟု ဆိုပေသည်။ သို့ဖြစ်လျှင်– ထိုသုတ်တော်များပါ အမျိုးသမီးများအတွက် သုခဘုံ၌ အဖေါ်ဖြစ်လာမည့် **ဟူရ်** ဆိုသည်မှာ နတ်သားများ ဖြစ်သည်ဟု ဘာသာပြန်ရပေတော့မည်။ သို့သော် မည်သည့်ဘာသာပြန် ဆရာသည်မှ **ဟူရ်** ကို နတ်သား ဟု မပြန်ဆိုကြပေ။ တဖန် ဤသုတ်တော်များပါ **ဇောင်းဝဂျနားဟွန်မ် زَوَّجْنَاهُم** မှ **ဇောင်းဂျွန်** ဟူသည် မင်္ဂလာဆောင်သည် ပေးစားသည်ဟု နေရာတိုင်းတွင် မဆိုပေ။ **ဇောင်းဂျွန်**ဟူသည် အတူတကွ ပူးပေါင်းနေထိုင်သော ရဲဘော်ရဲဘက်များကိုလည်းခေါ်ကြောင်း ၃၃း၃၇။ ၄၂း ၅၀ နှင့် ၈၁း၇ များတွင် ရှင်းလင်းစွာ တွေ့နိုင်ပေသည်။

သို့ဖြစ်၍ ဤသုတ်တော်၏ ဆိုလိုချက်မှာ အမျိုးသား အမျိုးသမီး မဟူ သူတော်စင် သူတော်ကောင်းများ အနေဖြင့် မိမိပြုခဲ့သော ကုသိုလ် ကောင်းကျိုးအတွက် နောင်ဘဝတွင် ဖြူစင်သန့်ရှင်းသော အဖေါ်များ။ ကောက်ကျစ်စဉ်းလဲခြင်း မရှိသော အဖေါ်များနှင့် ပူးပေါင်းနေထိုင်ရမည်ဟုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ သူတော်ကောင်းသည် သူတော်ကောင်းများနှင့် အတူနေရမည်၊ သူယုတ်မာသည် သူယုတ်မာများနှင့်အတူ ငရဲဒုက္ခ၌ ခံစားရမည်ဟူသော ဖေါ်ပြချက်ပေါင်း များစွာအား ကျမ်းတော်တွင် မကြာခဏ ဖေါ်ပြထားပေရာ ကျမ်းတော်ပါ စကားလုံးများကို ရိုးရှင်းစွာ နားလည်ရန် ကြိုးစားသူတို့အဘို့ ဤသုတ်တော်ပါ ဆိုလိုချက်အား အမြင်ဝေဝါး နားရှုပ်သွားစရာ မရှိပေ။